**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

ဖုန်း- ၀၆၇ ၃၄၁၀၅၄၈ ၊ ၀၆၇ ၃၄၁၀၁၉၀ ၊ အီးမေးလ် - microfrd@gmail.com

စာအမှတ်၊ ကက-၁/ ၆ (၉၈/၂၀၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ် မတ်လ ၂၂ ရက်

သို့

ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရန်ကုန်မြို့

အကြောင်းအရာ။ **အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားရာတွင်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ကုမ္ပဏီမှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ရေး**

ရည်ညွှန်းချက်။ (၁) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၁၇-၁၀-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ကက-၁/၆(၄၀၁/၂၀၁၇)

(၂) ၁၄- ၃-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီး ကြပ်မှုကော်မတီ၏ (၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်ထားရာတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသည့် ကုမ္ပဏီများအနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းသဘာဝအား နားလည်မှုမရှိခြင်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း၏ မူဝါဒနှင့်လုပ်ငန်းစဉ်များအား သွေဖည်၍ ဆောင်ရွက်နေခြင်းအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားသည့် အဖွဲ့အစည်းများအား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှသာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီမှတ်ပုံတင် ဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းအကြောင်းစာကို ရည်ညွှန်းချက် (၁) ပါစာဖြင့် ပေးပို့ထားပြီးဖြစ်ပါသည်။

၂။ သို့သော်လည်း အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်လွှာတင်ပြရာတွင် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်မရရှိသေးသဖြင့် မတည်ငွေထည့်ဝင်နိုင်မှုမရှိခြင်း၊ ဘဏ်စာရင်းဖွင့် လှစ်ထားမှုမရှိခြင်း၊ BOD ခန့်ထားနိုင်မှုမရှိခြင်း၊ ဝန်ထမ်းခန့်ထားနိုင်မှုမရှိခြင်း၊ ရုံးအဆောက်အဦများငှားရမ်း ထားမှုမရှိခြင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့် မိခင်ကုမ္ပဏီထံမှ ငွေလွှဲပြောင်းပေးပို့မှု မပြုနိုင်ခြင်း စသည့်အခက်အခဲများ တွေ့ကြုံရပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လိုင်စင်အကြို စိစစ်ခွင့်ပြုရေးဘုတ် အဖွဲ့အနေဖြင့်လည်း စိစစ်ခွင့်ပြုရန်အခက်အခဲများဖြစ်ပေါ်နေပါသည်။

၃။ သို့ဖြစ်ပါ၍ အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားသည့် အဖွဲ့အစည်းများ အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီမှတ်ပုံတင် ပြီးမှသာ ကုမ္ပဏီမှတ်ပုံတင်၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့်တကွ တင်ပြနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပါရန် ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်။

၄။ ဤစာဖြင့် ရည်ညွှန်း (၁) ပါစာအား ကျော်လွန်ပယ်ဖျက်လိုက်သည်။

**ပူးတွဲပါ-** ရည်ညွှန်းချက် (၁) (၁) စောင်

၂၂၊၃၊၁၈

ဥက္ကဋ္ဌ (ကိုယ်စား)
(ဒေါ်နိုင်၊အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ
မျှောစာ